မြန်မာ့အမျိုးသမီးသမဂ္ဂ

# စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းခြင်း၊ သဘာဝဘေးနှင့် အဆိုးသံသရာများကြားမှ

# အမျိုးသမီးများ၏ အခြေအနေ




မြန်မာ့အမျိုးသမီးသမဂ္ဂမှ ထုတ်ဝေသည်။

စက်တင်ဘာ ၁၅၊ ၂၀၂၅ ခုနှစ်


စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းခြင်း၊သဘာဝဘေးနှင့် အဆိုးသံသရာများကြားမှ

# အမျိုးသမီးများ၏ အခြေအနေ

(မ) အင်္ဂါဖြင့် မွေးဖွားလာသော အမျိုးသမီးများနှင့် အမျိုးသမီးအဖြစ် သတ်မှတ် ခံယူထားသူများမှာ ဂျဲန်ဒါဆိုင်ရာ ကန့်သတ်မှုများ၊ လိင်ပေါ်အခြေပြုခွဲခြား ဆက်ဆံမှုများကို ဆိုးရွားစွာ ခံစားရသည်မှာ နှစ်ကာလ ကြာညောင်းနေပြီ ပင်ဖြစ်သည်။ လိင်ပေါ် အခြေပြု၍ ခွဲခြားဆက်ဆံမှုများသည် တန်းတူညီမျှမှု ပန်းတိုင်ကို ခြိမ်းခြောက်နေရုံမက လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သာမက သဘာဝ ဘေး အန္တရာယ် ကြုံကြိုက်လာစဉ်၌ပင် အမျိုးသမီးများ၏ ဖြစ်တည်မှုများကိုပါ ထိခိုက်မှု၊ ကန့်သတ်မှု၊ ဖိနှိပ်မှုများကို ပိုမို ရှင်သန် ကြီးထွားလာစေသည်။

ဤတွင် မြန်မာပြည်တွင်း နှစ်ပေါင်းစဉ်ဆက် အမြစ်စွဲ၊ခြစား ပျက်စီး ယိုယွင်းနေသော စစ်ဝါဒ နှင့် ဘဘာဝဘေး၊ လူတို့၏ ပြုမှုဆောင်ရွက်မှုဘေးများကြားတွင် အမျိုးသမီးများသာမက အမျိုးသမီးများ အဖြစ် ခံယူထားသောသူများသည် ဖိနှိပ်မှု၊ သက်ရောက်မှု၊ ရိုက်ခတ်မှု ဒဏ်ချက်မှုများကို ပိုမို ခံစားကာ ထို ဘေးအန္တရာယ်များကြားတွင် ခက်ခဲစွာ ရုန်းကန် ရှင်သန်ရသည်။

”



## အာဏာသိမ်းခြင်းဖြစ်စဉ်နှင့် အတူမြင့်တက်လာသော အမျိုးသမီးများပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

အကြမ်းဖက်စစ်တပ်သည် မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ကို စစ်လက်နက်သဖွယ် အစိုင်အမာ အသုံးပြုခဲ့ကာ ပြစ်ဒဏ်ကင်းလွတ်ခွင့်များနှင့်အတူ ကျူးလွန်မှုများကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေခဲ့သည်မှာ နှစ်ပေါင်း (၇၀)မကရှိခဲ့ပြီး ၎င်းလုပ်ရပ်သည် (၄) နှစ်တာကာလအတွင်း အဆိုးဝါးဆုံး အခြေအနေကို ရောက်ရှိနေပြီ ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ ယန္တယား တစ်ခုလုံးအား ဖြိုချရာတွင် ဖြစ်ပေါ်လာသော နွေဦး တော်လှန်ရေး တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါ ကျူးလွန်လာသည်ကိုပါမြင်တွေ့ရသည်။

အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် တော်လှန်ရေးကာလ၏ စိတ်ထွက်ပေါက်၊ ညှင်းပန်းနှိပ်စက်ရာ ဆုံမှတ် တစ်ခုကဲ့သို့ ဖြစ်နေသည်။ ပုံစံမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် ပုံမှန် မဟုတ်သည့် အကြမ်းဖက်မှုများ၊ အုပ်စုဖွဲ့ အကြမ်းဖက်ခြင်းနှင့်  အဆိုးဆုံးမှာ သတ်ဖြတ်မှုများထိ ပါဝင်သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စစ်ကိုင်းတိုင်း ဒေသကြီး ဝက်လက်မြို့နယ် ကျီးကန်းမြောက်ရွာမှ မရွှေမန်းသူအား အကြမ်းဖက် စစ်တပ်မှ ဓမ္မတာနှင့် ဆန့်ကျင်သော မုဒိမ်းပြုကျင့်မှု၊ (မ) အင်္ဂါတွင်း အချိုရည်ဘူး ထည့်သွင်းကာ အကြမ်းဖက်သည့်   ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။[1] ထို့ပြင်  စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့နှင့် ဩဂုတ် ၂၈ ရက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော စိတ်ကျန်းမာရေး မကောင်းသူ အမျိုးသမီး အပါအဝင် အမျိုးသမီး (၇) ဦးအား အကြမ်းဖက် စစ်တပ်၏ တပ်ဖွဲ့ဝင်များမှ အုပ်စုဖွဲ့ မုဒိမ်းပြုကျင့်ခဲ့ကြသည်။[2]

တော်လှန်ရေး တပ်ဖွဲ့ဝင်အချို့သည်လည်း တော်လှန်ရေး တိုက်ခိုက်ရေး ရေချိန် မြင့်တက်လာသော်လည်း အမျိုးသမီးများအပေါ် စောင့်သိ၊ စောင့်ထိန်း အပ်သော အသိ၊ သတိများ မြင့်တက်မှုများ လျော့နည်းနေကာ တော်လှန်ရေး ကာလ (၄)နှစ်တာ ကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခပ်စိတ်စိတ် ကျူးလွန်နေသည်ကို ကောက်ခံရရှိထားသည်။


ဓာတ်ပုံ - www.theguardian.com

1 မြေလတ်အသံ (Myaelatt Athan)  5 September 2023 https://www.facebook.com/myaelattathan/posts/pfbid02hxLFAg5YpEpUUrdLoVVGUrP1cCg158xx2QL1Uv542uQu9au27i114aZLziNidbfRl?rdid=2ut1s2fEwRTzkmpl
2 ခေတ်သစ် (Khit Thit)  6 September 2022 https://www.facebook.com/khitthitnews/posts/pfbid0jnbLuHr7LbU6PiN1XJmVhTVAe-M6Y2bvfCLT6wn939V8spquDSW5mnfWT2wAtXs9Hl

အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) လက်အောက်မှ တပ်ဖွဲ့ဝင်များသည်လည်း ပဋိပက္ခကာလအတွင်း အမျိုးသမီးများပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် ရယူမှုများတွင် ၂၀၂၃ ခုနှစ် ဆောမြို့နယ်တွင် ဖြစ်ပွားခဲ့သော ပြည်သူ့လုံခြုံရေးအဖွဲ့ အချုပ်ခန်းတွင် ထိန်းသိမ်းခံထားရသည့် အမျိုးသမီး ၃ ဦးကို NUG လက်အောက်ခံ မြို့နယ် ပအဖ နှင့် ပလဖ ထိပ်ပိုင်းတာဝန်ရှိသူများက အာဏာသုံး လိင် အမြတ်ထုတ်မှုသည်လည်း ရေရာသည့် တရားစီရင်မှုများ မဆောင်ရွက်ကာ အရပ်ဘက် အဖွဲ့အစည်းများ၏ တွန်းတက်မှုများကြောင့်သာ တရားစီရင်မှုအား အသက်ဝင်ရန် အားထုတ်သည်ကို တွေ့ရှိရသည်။[3]

ဖက်ဆစ်တပ်နှင့် ဆက်စပ်၍ တွဲပါနေမှုသည် အမျိုးသမီး နှင့် မိန်းကလေးငယ်များအပေါ် မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ဖြစ်ကာ ၎င်း သန္ဓေတွင် ဖိုဝါဒ၊ စစ်ဝါဒ နှင့် ဖိနှိပ်မှု ဝါဒများပါ စည်းနှောင်လျက် ရှိသည်။ ထို့ပြင် အကြမ်းဖက် စစ်တပ်၏ အပြုအမူ၊ စရိုက်၊ လက္ခဏာသွင်ပြင်များကို တော်လှန်ရေးတွင် ပါဝင်နေသူများ၊ တော်လှန်ရေးကို ရုပ်လုံးကြွအောင် အကောင်ထောင်ဖော်သူများ အနေဖြင့်လည်း လက်ခံ ကျင့်သုံး၊ ကျူးလွန်မှုများကို မသိကျိုးကျွံပြုနေပါက တန်းတူညီမျှမှုနှင့် ဖိနှိပ်မှုကင်းသော လူ့အဖွဲ့အစည်းပြန်လည် တည်ဆောက်မှုကို သံသယဖြစ်စေကာ တော်လှန်ရေး ပန်းတိုင်ကို နှောင့်နှေးစေသည်ဟု ကောက်ချက်ချ သုံးသပ်မိပါသည်။ ထိုတင်သာမက တော်လှန်ရေး တပ်ဖွဲ့ဝင်များသည်လည်း လိင်ပေါ် အခြေပြု ခွဲခြား ဖိနှိပ်မှုများနှင့် ဆက်စပ်၍ ရှိသင့်သော အသိနှင့် အစိုးရ တစ်ရပ် တာဝန်ယူထားသည့် အဖွဲ့အစည်းသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပေါ် ပွင့်လင်းမြင်သာမှု ရှိရှိနှင့် လေးနက်စွာ ကိုင်တွယ် ဖြေရှင်းပေးနိုင်မည့် ထိရောက်သော ယန္တယား တစ်ခု တည်ဆောက်ရန် လိုအပ်လှသည်။




**အာဏာသိမ်းရန် ကြိုးပမ်းသည့် [၄] နှစ်တာကာလတွင် တော်လှန်ရေး အဖွဲ့အစည်းများ စိုးမိုးလျက်ရှိသော ဒေသများတွင် ဝမ်းစာရှာဖွေရေး နှင့် ရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်လျက်ရှိသော အမျိုးသမီးများအပေါ် ရိုက်နှက်ခြင်း၊ အကြမ်းဖက်မှု ဖြစ်စဉ်များ ပြုလုပ်သည်ကိုပါတွေ့ရှိရသည်။**

3 Myanmar Now 18 February 2025
https://myanmar-now.org/mm/news/61168/

## အာဏာသိမ်းရန် ကြိုးပမ်းခြင်းနှင့် ဂျဲန်ဒါအခြေပြု ခွဲခြားမှုများမှ အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး

အမျိုးသမီးများတွင် ကနဦး ရှိနှင့်ပြီးသော ဂျဲန်ဒါအခြေပြု ခွဲခြားမှု ဖြစ်စဉ်များသည် လူမှုပတ်ဝန်းကျင်၏ အပြောင်းအလဲ များကြားတွင် ခွဲခြားမှုနှင့် ရန်းကန်မှုများ ပိုမို ဆိုးဝါး ပြင်းထန်လာကာ ရိုက်ခတ်မှုဒဏ်ကို အလူးအလဲ ခံစားရသည်။ စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်နောက်ပိုင်းတွင် စီမံခန့်ခွဲမှု အလွဲအမှားများကြားတွင် မြန်မာပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် တပါတည်း အထွေထွေ ကြပ်တည်းမှုကို အတုန်းအရုန်း ရင်ဆိုင်ကြရသည်။ အဆင်မြင့် ကုန်တိုက်ကြီးများမှ ထုတ်ကုန်မှစ ရပ်ကွက်တွင်းရှိ ကုန်စုံဆိုင်မှ ကုန်ခြောက်ထိ ကုန်ဈေးနှုန်းများသည် ၃ ဆ နီးပါး မြင့်တက်လာခဲ့သည်။ အိမ်ထောင်စု တစ်စုတွင် မြန်မာကျပ်ငွေ တစ်သောင်းတည်းဖြင့် လောက်ငှစွာ စားသောက်နိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေ ဆိုက်ရောက်လာသည်။[4]

လူ့အဖွဲ့အစည်း တရပ်လုံးသည် အမျိုးသားများသာ အိမ်ထောင် ဦးစီး ဟူသော သတ်မှတ်ချက် ဖြင့် အမျိုးသမီး (ဝါ) အိမ်ထောင်ရှင်မ များ၏ အခန်း ကဏ္ဍမှာမူ တဆင့်နိမ့်ကာ "မှီခို" သူများဟုသာ ခေါ်ဝေါ် သမုတ်ထားကြသည်။ အာဏာ သိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်နောက်ပိုင်းတွင် စစ်တပ်သည် နိုင်ငံ အနှံ့ ယုတ်လျော့လာသော တပ်အင်အား ဖြည့်တင်းနိုင်ရန် ၂၀၂၂ ခုနှစ်တွင် စစ်မှုထမ်း ဥပဒေကို ထပ်မံ အသက်သွင်း အတည်ပြုလိုက်ပြီးနောက် စစ်မှုထမ်းရန် အကြုံးဝင်သော အမျိုးသားများအား ဖမ်းဆီးခြင်း၊ ပေါ်တာဆွဲခြင်းများ ပြုလုပ်ခြင်းကြောင့် အမျိုးသားများ အိမ်ထောင်၏ စီးပွားရေး အဝဝကို ဦးဆောင်နိုင်ရန် အမျိုးသမီးများ၏ ပခုံးသို့ လွှဲပြောင်း လိုက်ရသည်။"မှီခို" အမည်တပ်ခံရသော အိမ်ထောင်ကို ဦးဆောင်ရသော အမျိုးသမီးများသည် ခေတ်စနစ်၏ ကြပ်တည်းမှုကို ပုံစံပေါင်းစုံဖြင့် ကြုံရာ ကျပန်း အလုပ်အကိုင်များဖြင့် ဖြေရှင်းရသည်။ ကုန်ဈေးနှုန်းမြင့်တက်မှု ဒဏ်သည် မီးဖိုချောင်ထဲမှ အမျိုးသမီးများကို တိုက်ရိုက်သက်ရောက်သည်။


ဓာတ်ပုံ - https://myanmar-now.org/mm/

4 မြေလတ်အသံ (Myaelatt Athan) 25 September 2024
https://www.myaelattathan.org/articles/%E1%80%90%E1%80%9B%E1%80%80%E1%80%BA%E1%80%90%E1%80%9E%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%B8%E1%80%94%E1%80%B2%E1%80%B7_%E1%80%85%E1%80%AC%E1%80%B8%E1%80%99%E1%80%9C%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%90%E1%80%B1%E1%80%AC%E1%80%B7%E1%80%90%E1%80%B2%E1%80%B7%E1%80%80%E1%80%AF%E1%80%94%E1%80%BA%E1%80%88%E1%80%B1%E1%80%B8%E1%80%94%E1%80%BE%E1%80%AF%E1%80%94%E1%80%BA%E1%80%B8

ထို့ပြင် ကိုဗစ်ကာလမှစ နိုင်ငံရေး ပြောင်းလဲမှု ဖြစ်စဉ်များတွင် အိမ်ထောင်ဦးစီးဟု သတ်မှတ်ထားသော အမျိုးသားများ အလုပ်ကိုင် ရပ်နားခံရမှု၊ အလုပ်အကိုင်ရှားပါးမှု အစရှိသော ရုပ်ပိုင်းဆိုင်ရာ ကြပ်တည်းမှုတွင် အိမ်တွင်း အကြမ်းဖက်မှု ဖြစ်စဉ်များသည် ၎င်း (ဝါ) အမျိုးသားများအတွက် စိတ်ပိုင်းဆိုင်ရာ ထွက်ပေါက် တစ်ခု ဖြစ်လာခဲ့သည်။ ဆဲဆိုခြင်း၊ ရိုက်နှက်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အသက်သေဆုံးမှု ဖြစ်စဉ်များ ပါပါဝင်သည်ကိုလည်း တွေ့ရှိရသည်။[5]
အာဏာသိမ်းရန် ကြိုးပမ်းသည့် (၄) နှစ်တာကာလတွင် တော်လှန်ရေး အဖွဲ့အစည်းများ စိုးမိုးလျက်ရှိသော ဒေသများတွင် ဝမ်းစာရှာဖွေရေး နှင့် ရှင်သန် ရပ်တည်ရေးအတွက် ရုန်းကန်လျက်ရှိသော အမျိုးသမီးများအပေါ် ရိုက်နှက်ခြင်း၊ အကြမ်းဖက်မှု ဖြစ်စဉ်များ ပြုလုပ်သည်ကိုပါတွေ့ရှိရသည်။ [6]

ဂျဲန်ဒါ စံသတ်မှတ်ချက်များကြောင့် အမျိုးသမီးများ လူ့အဖွဲ့အစည်း အတွင်း အပြောင်းအလဲ ရိုက်ခတ်မှုများကြား ရှင်သန်မှု၊ အခက်အခဲ တာဝန်၊ ဝတ္တရားများအား ထမ်းတင်ထားရမှုများအား လုံလောက်စွာ အသိအမှတ်ပြုမှု၊ အမျိုးသမီးများ၏ ကဏ္ဍကို အမျိုးသားများနှင့် တန်းတူ ထားရှိမှုများမှာ လုံးလုံးလျားလျား အားနည်းနေသေးသည်ကို တွေ့ရှိရသည်။ ၎င်း၏ ဇစ်မြစ်မှာ ပေထရီအာခီ (ခေါ်) ဖိုဝါဒ လွှမ်းမိုးမှု အမြစ်တွယ်မှု အားကောင်းနေဆဲ ဖြစ်သောကြောင့် ဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။


ဓာတ်ပုံ - www.straitstimes.com/asianews

## သဘာဝဘေးများကြားတွင် ရှင်သန်လျက်ရှိသော ဂျဲန်ဒါအခြေပြု ခွဲခြားမှုများမှ အမျိုးသမီးများ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် မတိုင်မီ ကိုဗစ်ကပ်ရောဂါကို ခါးစည်းခံရပြီးနောက် အကြမ်းဖက်စစ်တပ်၏ အာဏာ သိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ် ဖြစ်ပေါ်လာခဲ့သည်။ အကြမ်းဖက် စစ်တပ်သည် ပြည်သူများအပေါ် စစ်ရာဇဝတ်မှုနှင့် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်များနောက်တွင် သဘောဝဘေး အန္တရာယ်များကိုပါ နိုင်ငံတဝှမ်းရှိ ပြည်သူများ အလူးအလဲ ခံစားရသည်။ ၂၀၂၁ မေလနှောင်းပိုင်းတွင် စတင်ခဲ့သော ကိုဗစ် တတိယလှိုင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ပျက်စီး ဆုံးရှုံးမှု အများဆုံး ဖြစ်ပေါ်ခဲ့သော မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသ

5 Burmese News International (BNI) 14 September 2023
https://www.bnionline.net/mm/news-101501

6 မြေလတ်အသံ(Myaelatt Athan) 24 August 2023 https://www.facebook.com/myaelattathan/posts/pfbid02uWKAbH3W47pNy5X-Lx8vKUCF1UvButSSwCN84jcTHThfPe28hTfyHVR3HbeFWqsd9l

ကြီးတို့တွင် အများဆုံး ထိခိုက်ခဲ့သော ရေကြီးမှုနှင့် ၂၀၂၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇.၇ ရှိသည့် ငလျင်လှုပ်ခတ်မှု တို့ကို မြန်မာပြည်သူတရပ်လုံး ကြုံတွေ့ ရင်ဆိုင်ခံစားခဲ့ရသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်နှင့် အတူ ကိုဗစ် ကပ်ဘေးတွင်လည်း အကြမ်းဖက် စစ်တပ်၏ စီမံခန့်ခွဲမှု အလွဲအမှားများကြောင့် ပြည်သူ အများအပြား သေဆုံးခဲ့ရသည်။ အကြမ်းဖက် စစ်တပ်သည် ကပ်ရောဂါ ထိန်းချုပ်မှု၊ကာကွယ်မှု  စီမံချက်များ ပြုလုပ်ရမည့်အစား နိုင်ငံတဝှမ်း ရှိ အာဏာသိမ်းမှုဖြစ်စဉ်အား ဆန့်ကျင် ဆန္ဒဖော်ထုတ်မှုများ ရက်စက်စွာ နှိမ်နင်းမှုများ၊ ဖမ်းဆီး ထောင်ချခြင်း၊ ညှင်းပန်းနှိပ်စက်မှုများသာ ပြုလုပ်နေခြင်းကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင် (၁) ရက်နေ့ မှ စက်တင်ဘာလ (၃၀) ရက်ထိ နိုင်ငံတဝှမ်း လူဦးရေ  ၁၄,၄၀၁ ဦးထိ သေဆုံးခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။[7]

သဘာဝဘေး အန္တရာယ်များကြားတွင် အမျိုးသမီးများသည် ဂျဲန်ဒါစံသတ်မှတ်ချက်များကြောင့် ပိုမို ရုန်းကန်ရကာ လူမှုစီးပွားရေးသာမက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိပါ ထိခိုက် လာသည်ကို တွေ့ရှိရသည်။  ရခိုင်ပြည်နယ်တွင် အကြမ်းဖက် စစ်တပ်၏ အရှိန်မပြတ် ထိုးစစ်ဆင် မှုများ ဆက်တိုက် ပြုလုပ်နေစဉ် ၂၀၂၃ ခုနှစ် မေလအတွင်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝင် ရောက် တိုက်ခိုက်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်း မိုခါကြောင့် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များ မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားရသည်။ မိုခါ မုန်တိုင်းကြောင့် ရခိုင်ဒေသတွင် ၁၆၄ ဦး သေဆုံး သွားပြီး နေအိမ် ၃၀၀,၀၀၀ နီးပါး ပျက်စီးကာ လူတစ်သန်းခွဲခန့် ထိခိုက်ခံစားခဲ့ရကြောင်း ရက္ခိုင့် တပ်တော်(AA) မှလည်း သတင်းထုတ်ပြန်ထားသည်။[8] မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့ နယ်ရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာ (၄၀၀) ကျော်ခန့် သေဆုံးကြောင်းလည်း အချက်အလက် များအရ သိရှိရသည်။[9]


ဓာတ်ပုံ - https://www.aljazeera.com/news

အကြမ်းဖက် စစ်တပ်သည် မုန်တိုင်း သတင်း ထုတ်ပြန်ရေးကို စနစ်တကျ မထုတ်ပြန်နိုင်ခဲ့ခြင်း၊

7 Frontier Myanmar 14 January 2022
https://www.frontiermyanmar.net/en/covid-cover-up-third-wave-death-toll-may-be-in-hundreds-of-thousands/?utm_source=chatgpt.com
8 Myanmar Now 20 October 2023
https://myanmar-now.org/mm/news/43698/
9 RFA 16 May 2023
https://www.rfa.org/burmese/news/mocha-death-tolls-nug-05162023131152.html

ထိခိုက်မှုများခဲ့သည့် ဒေသများအတွက် အကူညီပေးရေးအတွက် လမ်းခရီး ဖြတ်တောက်ခြင်း၊ စစ်တပ်မှ စစ်ကြောင်းထိုးခြင်းတို့ကြောင့် ရခိုင်ဒေသရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများမှာ စစ်မက် ဖြစ်ပွားခြင်းကြားမှ မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည်။ မိုခါမုန်တိုင်းကြောင့် ထိခိုက်မှုဒဏ်ကို အများဆုံး ခံရသည့်ထဲတွင် ရိုဟင်ဂျာ ဒုက္ခသည်များ ပါဝင်ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များအများဆုံး ဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှု အကူညီများ လုံလောက်စွာ မရရှိခဲ့ပေ။

မိုခါမုန်တိုင်းနှင့် ရေကြီးမှုဖြစ်စဉ်ကြောင့် အမျိုးသမီးများ ကြုံတွေ့ခံစားရသည့် ကျန်းမာရေး ပြဿနာသည် အင်မတန် ကြီးမားသည်ကို တွေ့ရှိရသည်။ အစားအသောက်နှင့် ရေမသန့် ခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော ကဲ့သို့ ကာလ ကူးစက် ဝမ်းရောဂါများ ဖြစ်ပွားလာသည်။ အမျိုးသမီးများ တစ်ကိုယ်ရေ သန့်ရှင်းရေး ကောင်းစွာ မပြုလုပ်နိုင်ခြင်းများကြောင့် အမျိုးသမီး အင်္ဂါတွင် ပိုး ဝင်ခြင်းကဲ့သို့ ဖြစ်ရပ်များ ဖြစ်ပွားလာသည်။ အဆိုးရွားဆုံးမှာ မုန်တိုင်းနှင့် ရေကြီးခြင်းကြောင့် သာမက စစ်တပ်၏ လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်ခြင်းတို့ကြောင့် အမျိုးသမီး အတွင်းခံများနှင့် လစဉ်သုံး ပစ္စည်းများ ရရှိရန်ပါ ခက်ခဲသွားသည်။



ဓာတ်ပုံ - www.unicef.org/myanmar

ထို့တည်းသာမက ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့မှ မြို့နယ်များတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ပြီး အကြမ်းဖက် စစ်တပ်၏ သဘာဝဘေး ဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းခြင်းများကြောင့် အသက်ဆုံးရှုံးမှုထိ ကြုံတွေ့ခဲ့ရသည်။ **Gender in Humanitarian Action Working Group (GiHA WG)** ၏ အချက်အလက်များအရ မြန်မာနိုင်ငံ အတွင်းရှိ ပြည်နယ်နှင့်တိုင်းမှ မြို့နယ်ပေါင်း ၇၀  တွင် လူဦးရေ ပေါင်း ၁ သန်းကျော် ရေကြီးခြင်း ဒဏ်ကို ခံစားရသည်။ ဤတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်ပေါင်း ၆ သိန်းကျော် ပါဝင်ခဲ့ကာ ၁၂,၉၇၄ ဦးသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဖြစ်ကြသည်။[10] သဘာဝဘေးအန္တရာယ်နှင့် စစ်ရေးပဋိပက္ခကာလများကြားမှ မတ်လ ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇.၇ ပြင်းအားကြီး ငလျင် လှုပ်ခတ်ခဲ့သည်။ **Humanitarian Action Working Group (GiHA WG)** ၏ အချက်အလက်များအရ လူဦးရေ ၁၇.၂ သန်း ဘေးဒဏ်သင့်ခဲ့ရာ ၈.၈ သန်းမှာ အမျိုးသမီးများနှင့် မိန်းကလေးများ ဖြစ်သည်။[11]

10 Gender in Humanitarian Action Working Group 6 November 2024
https://asiapacific.unwomen.org/sites/default/files/2024-11/mn-c1269-giha-gender-impact-flood-update-no-2_nov-2024.pdf

11 Reliefweb 12 April 2025 https://reliefweb.int/report/myanmar/gender-impact-flash-update-myanmar-earthquake-no2-11-april-2025?fbclid=IwY2xjawKWisVleHRuA2FlbQIxMABicmlkETE4dlNNMGZ2a0JjaVNlZGNyAR6k6JMhenXjI6luqgjdYDDAhcrT1Aq0kL9MHZ0Ew8QCCjg60zaxVYJG8S0V9Q_aem_VoVPrrVTWh0YrhLA2UYaJA

ငလျင် ဒဏ်ကြောင့် အမျိုးသမီးများအပေါ်တွင် ခြိမ်းခြောက်နေပြီးသား ဖြစ်သော ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများ၊ ကျန်းမာရေးဝန်ဆောင်မှုများ ပြတ်လပ်မှုနှင့် ဆိုးရွားသော နေထိုင်မှုအခြေအနေများကို ရင်ဆိုင်နေရသည်။ လူအများ စုဝေးနေရသည့် ခိုလှုံရာနေရာများ၊ သီးသန့်မှုမရှိခြင်း၊ စုပြုံ၍ ကယ်ဆယ်ရေး နေရာများတွင် နေထိုင်ရခြင်း၊ တို့သည် အမျိုးသမီးများအား  မိသားစုအတွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုနှင့် လူကုန်ကူးမှုများပါ တိုးလာနိုင်သည်။

မြန်မာ့ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အင်္ဂါ၊ ဓမ္မတာလာခြင်းနှင့်  ဆက်စပ်သော  အမြစ်တွယ်နေသော စံသတ်မှတ်ချက်များ၊  ပညတ်ချက်များ၊ အယူအဆ အမှားများကြောင့် ယခုကဲ့သို့ သဘာဝဘေးနှင့် ကြုံဆုံလာခဲ့ချိန်တွင် အမျိုးသမီးများသည် ပိုမို ထိခိုက် နစ်နာရသူများ ဖြစ်ရသည်။ လိုအပ်သည့် အရေးပေါ် အမျိုးသမီး လစဉ်သုံးပစ္စည်းများပင် ရယူရန် ခက်ခဲ၍ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများစွာ ကြုံတွေ့လာနိုင်သည်။ အဆိုးရွားဆုံး အချက်မှာ ဓမ္မတာလာခြင်းနှင့် အယူအဆများကို မှားယွင်းစွာ လက်ကိုင်ထားကာ အမျိုးသမီး လစဉ်သုံးပစ္စည်းနှင့် ပတ်သက်၍ လူဒါန်းကူညီထောက်ပံ့သူများကို လူမှုကွန်ယက်များတွင် ဝေဖန်ပြစ်တင်သူများမှာ အမျိုးသမီးများ ထဲ၌တွင်ပင် ဖြစ်နေခြင်းသည် ဂျဲန်ဒါနှင့် သက်ဆိုင်သော အသိပညာပေးခြင်းများစွာ လိုအပ်နေသေးသည်။

အကြမ်းဖက် စစ်တပ်သည်လည်း ငလျင်ကို အကြောင်းပြုကာ နိုင်ငံတကာမှ အကူညီများအား ရယူကာ လက်တွေ့ မြေပြင်တွင် အကူညီတစုံတရာ မရောက်ရှိဘဲ ငလျင်ဒဏ်သင့် ပြည်သူများမှာ ပြန်လည်ထူထောင်နိုင်ရန် အခက်ခဲများစွာ ရှိသေးသည်။ ငလျင်ဒဏ်သင့်ချိန်တွင် စစ်တပ်သည် အပစ်ခတ်ရပ်စဲရေးကို ထုတ်ပြန်ခဲ့ကာ နိုင်ငံတကာ အကူညီများအစား လေကြောင်းတိုက်ခိုက်ခြင်းအား နိုင်ငံတဝှမ်းတွင် အရှိန်ဟုန်ဖြင့် ပြုလုပ်ခဲ့သည်။ သဘာဝဘေးကို အခွင့်ကောင်းယူကာ တရားဝင်မှု လမ်းကြောင်းအတွက် ရွေးကောက်ပွဲအတွက် ကြိုးပမ်းလာသည်ကိုပါ တွေ့ရှိရသည်။ ငလျင်ဒဏ်ကို အဆိုးဝါးဆုံးခံစားခဲ့ရသည့် မတ်လတွင် အကြမ်းဖက် စစ်တပ်၏ အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် အမျိုးသမီး (၆၆) ဦးသေဆုံးခဲ့ကြောင်း မြန်မာ့အမျိုးသမီး သမဂ္ဂ၏ အချက်အလက်အရ သိရသည်။[12]


ဓာတ်ပုံ - https://thediplomat.com

12 Burmese Women's Union 16 April 2025
https://burmesewomensunion.org/?p=4795

## သုံးသပ်ချက်

ဖိုဝါဒကြီးစိုးခြင်းနှင့် ဖက်ဆစ် စစ်ဝါဒသည် သဘောတရား အားဖြင့် တူညီပြီး မြန်မာ့ လူ့အဖွဲ့အစည်း အတွင်း အမြစ်တွယ် ချစားနေသည်မှာ နှစ်ပေါင်းအားဖြင့် ကြာညောင်းနေပြီ ဖြစ်သော်လည်း ၎င်း စံသတ်မှတ်ချက်များအား ပြုပြင်ပြောင်းလဲနိုင်မှုမှာ အင်မတန် အားနည်းနေသေးသည်။ အားနည်း ခြင်း၏ နောက်ဆက်တွဲ အနေဖြင့် အမျိုးသမီးများသည် အမျိုးသားများ တန်းတူ ဖြစ်မှုအား သိရှိ နိုင်သည့် အသိသည် အမျိုးသမီးများ အချင်းချင်းကြားတွင်ပင် ရှင်သန်နိုင်ရန် ခက်ခဲနေသေးသည်။ အကြမ်းဖက် စစ်တပ်၏ မုဒိမ်းပြုကျင့်ခြင်းအား စစ်လက်နက်သဖွယ် အသုံးပြုမှုသည်လည်း ၂၀၂၁ ခုနှစ်နောက်ပိုင်း ကာလများတွင် အဆိုးရွားဆုံး အခြေအနေကို ရောက်ရှိကာ ဓမ္မတာနှင့် ဆန့်ကျင် သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှုများ၊ အကြမ်းဖက် စစ်တပ်၏ တပ်ဖွဲ့ ဝင်များ အုပ်စုဖွဲ့ကာ ကျူးလွန်ခြင်းများ တစတစ မြင့်တက်လာကာ အမျိုးသမီးများ၏ နေ့စဉ် လူမှုဘဝ လုံခြုံရေးသည် နိစ္စဓူဝ ခြိမ်းခြောက်ခံရသည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။ အမျိုးသမီးများ၏ ငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် ကောင်းမွန်စွာ ရပ်တည်နိုင်ရေးသည် တော်လှန်ရေး တစ်ခုကဲ့သို့ အရေးပါလှသည်။ ထို့အပြင် အကြမ်းဖက် စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်နှင့် ၎င်းတို့၏ လူမဆန်သော ရက်စက် ကြမ်းကြုတ်မှု၊ ဖိနှိပ်မှု၊ ကန့်သတ်မှုများနှင့် သဘာဝ ဘေး၏ မပြီးဆုံးနိုင်သော ရိုက်ခတ်မှု၊ သက်ရောက်မှုများ ကြားတွင် အမျိုးသမီးများ၏ ရုန်းကန်မှုမှာ လူ့အဖွဲ့အစည်း၏ စံနှုန်း၊ သတ်မှတ်ချက်များကြောင့် ဦးဆောင်သူ အမျိုးသားထက် သာလွန်ကာ မိသားစု တာဝန် ထမ်းတင်နေနိုင်လျက်ပင် အမျိုးသားများ တန်းတူအသိအမှတ်ပြုမှု၊ ဂျဲန်ဒါ တန်းတူ ဖြစ်မှုပင် မရရှိနိုင်သေးပေ။

အကြပ်အတည်း ကာလများတွင် ရှိနှင့်ပြီးသော ဂျဲန်ဒါအခြေပြု ခွဲခြားခြင်း၊ ဖိနှိပ်ခြင်း၊ အကြမ်းဖက် ခြင်း ပိုမိုများပြားလာပြီး အမျိုးသမီး၏ ဖြစ်တည်မှုသည်ပင် တဆင့်နိမ့်သွားကာ အဖိနှိပ်ခံ သဏ္ဌာန်ဆောင်သွားသည်ကို သိသာထင်ရှားစွာ မြင်တွေ့လာရသည်။ စံနှုန်း၊ ကန့်သတ်မှုများသည် အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန်ပင် ခက်ခဲသည့် အခြေအနေများကို ကြုံတွေ့ရသည်။ လူ့အဖွဲ့အစည်း၏ ဂျဲန်ဒါတန်းတူရှိမှုဟူသည့် “အသိ”တွင် အမျိုးသမီးများ၏ လူမှုစီးပွား၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာ လုံခြုံမှုမှ စတင်ထည့်သွင်း စဉ်းစားသင့်သည်။

ထိုမှ နိုင်ငံရေးနှင့် အင်စတီကျူးရှင်းများ အားကောင်း မောင်းနှင် လည်ပတ်ရာတွင် အစရာကျသော ကဏ္ဍများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပါဝင်ခွင့်ပေးခြင်း၊ အသိမှတ်ပြုခြင်း စသော လှုပ်ရှားမှု များအား တော်လှန်ရေး ကာလမှစ ရုပ်လုံးပေါ်ရန် ကြိုးစားသင့်ပေသည်။ တော်လှန်ရေး အင်စတီ ကျူးရှင်းများတွင်လည်း တည်ဆောက်ထားပြီး အသက်ဝင်ပြီးသား ဖြစ်သော အချို့သော ပေါ်လစီ များသည်လည်း အမျိုးသမီးများ၏ ဖြစ်မှု၊ ရှိမှုနှင့် အသိအမှတ် ပြုမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်မှုအတွက် ပြောင်းလဲမှုအထက် ပေါ်လစီ အသစ်များ ပြန်လည် ရေးဆွဲရန် လိုအပ်နေသေးပေ သည်။

စစ်အုပ်စုသည် ၂၀၂၁ ခုနှစ်မှ မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်စဉ်နောက်ပိုင်းတွင် တရားဝင်မှုကို နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ရာ ရွေးကောက်ပွဲသည် ၎င်းတို့အတွက် နောက်ဆုံးရှင်သန်ရာ ထွက်ပေါက်ကဲ့သို့ ဖန်တီးနေခဲ့သည်။ ထို့ကြောင့် အကြမ်းဖက် စစ်အုပ်စုသည်လည်း ငလျင်ကဲ့သို့ သဘာဝဘေးကို အကြောင်းပြုကာ နိုင်ငံတကာတွင် ၎င်းတို့၏ တရားဝင်မှု ရရှိရန် ကြိုးပမ်းလာသည်။ နိုင်ငံတကာ အကူအညီများကို ဖိတ်ခေါ်မှု ပြုလုပ်ကာ တရားဝင် အစိုးရ ဖြစ်ရေးနှင့် ရွေးကောက်ပွဲ လမ်းစဉ်များကို ရုပ်လုံးပေါ်လာစေရန် သိသာစွာ ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် သဘာဝဘေး ဖြစ်စဉ်ကို ကောင်းစွာ အသုံးချကာ တရားဝင် အစိုးရတစ်ရပ်ကဲ့သို့ နိုင်ငံတကာ အကူညီများကို စီမံခန့်ခွဲနိုင်သယောင်ရှိသော်လည်း ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အကူအညီများ မရောက်ရှိသည့်တိုင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများပင် စတင်ရန် ခက်ခဲသည်ကို သိသာထင်ရှားစွာ မြင်တွေ့ရသည်။ ထို့တင်သာမက စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများသည် ရပ်တန့်သွားခြင်း မရှိဘဲ ပိုမိုဆိုးရွားလာခဲ့သည်။ နိုင်ငံတကာ၏ အကူအညီများကို စစ်အုပ်စု၏ ကိုယ်ကျိုးအတွက် အသုံးပြုကာ ၎င်းအကူအညီများသည် စစ်အုပ်စု၏ လူသတ်လက်နက်များ အဖြစ်သာ ပြောင်းလဲသွားသည်။

နိုင်ငံတကာရပ်ဝန်းမှ အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ အကူအညီများသည် အကြမ်းဖက် စစ်အုပ်စုထံတွင်သာ ရောက်ရှိပြီး သဘာဝဘေးဒဏ်ကျရောက်နေသော ပြည်သူများထံသို့ ရောက်ရှိခြင်း မရှိသည့်အပြင် လူသားချင်းစာနာထောက်ထားမှုမှ လူသတ်လက်နက်သဖွယ် ပြောင်းလဲနေမှုများကို နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့်လည်း သတိထားစောင့်ကြည့်ရန် လိုအပ်လှသည်။ အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် မြန်မာ့ပြည်တွင်းရေး မငြိမ်သက်မှု၊ ပြည်သူတစ်ရပ်လုံး ခက်ခဲ ကြပ်တည်းမှုများမှ ထပ်ဆင့် သဘာဝဘေးကြောင့် ပြန်လည် ထူထောင်ရန်ပင် မပြုလုပ်နိုင်သည့်ကာလတွင် ၎င်းတို့၏ တရားဝင်မှုအတွက် ရွေးကောက်ပွဲအားပြုလုပ်ရန် ကြိုးပမ်းနေသော အကြမ်းဖက် စစ်အုပ်စုနှင့် ၎င်းတို့၏ ရွေးကောက်ပွဲအား နိုင်ငံတကာရပ်ဝန်းမှ အဖွဲ့အစည်းများအနေဖြင့် ပြင်းထန်စွာ ရှုံ့ချရမည် ဖြစ်သည်။

---